## (၂၅-၉-၂၀၂၀) မှ (၁-၁၀-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ

ပြည်ပဆန်ဈေးကွက်ကိုလေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် International Rice Market Website တွင်ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၀၈ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ဖြင့်လည်းကောင်းဖြစ်ပေါ်ခဲ့သည်ကိုသိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀%)ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၅၀၈ဖြင့်လည်းကောင်း၊ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၂ ဖြင့်လည်းကောင်း၊ညှော့မထ (၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၇၇ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ၅၀၈ဖြင့်လည်းကောင်းအသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၃ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၄၃ဖြင့်လည်းကောင်း ရှိခဲ့ပြီးအိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅%)ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၂၈ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့်ယခုသီတင်းပတ်အတွင်း အာရှတိုက်၏ ဆန်တင်ပို့မှုထိပ်သီးနိုင်ငံများ၏ ဆန်ဝယ်လိုအား လျော့ကျလျက်ရှိပြီး အိန္ဒိယနိုင်ငံ၏ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်ကအတိုင်းမပြောင်းလဲဘဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၉-၃၉၄ ဒေါ်လာအကြား ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ ဆန် အဓိကဝယ်လက်များသည် ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက ဆန်ပမာဏသိသိသာသာ ဖြည့်တင်းဝယ်ယူခဲ့ကြပြီးဖြစ်၍ ဆန်ဝယ်လိုအားပျော့လာခဲ့ကြောင်း အိန္ဒိယတောင်ပိုင်း၊ အန္ဓရဒေသပြည်နယ်၊ ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ရေကြီး၍ သီးနှံများအပါအဝင် အဓိကအားဖြင့် စပါးသီးနှံများ ပျက်စီးမှုကြုံတွေ့ရကာ အရန်ဆန်ဖြည့်တင်းရေးခက်ခဲနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ပြည်ပဆန်တင်သွင်းမှုကို ဆိုင်းငံ့ထား ဆဲဖြစ်ကြောင်း သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ၏ အရန်ဆန်ဝယ်ယူရေး ကြိုးပမ်းချက်မှာ မျှော်မှန်းချက် တန်ချိန် ၁.၉၅ သန်းကို ပြည့်မီရန် တန်ချိန်တစ်သန်းနီးပါးအထိ လိုအပ်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းရေကြီးမှုပါကြုံခဲ့ရခြင်းကြောင့် ဆန်ရောင်းလိုအား လျော့ကျလာခြင်း၊ ပြည်တွင်း ဆန်ဈေး မြင့်တက်လာခြင်းစသည့် ပြဿနာများနှင့်ရင်ဆိုင်နေရသည်ကို သိရှိရပါသည်။

သို့ရာတွင် အစိုးရက ဆန်တင်သွင်းခွင့် ပြုရေး/မပြုရေးကို ဆုံးဖြတ်နိုင်ခြင်းမရှိသေးကြောင်း ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာအတွင်းဝန် MosammatNazmanara Khanum က ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မျှော်မှန်းထားသည့် ပမာဏအထိ ဆန်ဝယ်ယူနိုင်မည်ဆိုပါက ကောင်းမွန်သော်လည်း

ကုန်လှောင်ရုံများတွင် ဆန်တန်ချိန် ၁.၂၀ သန်းခန့် ကျန်ရှိနေပြီး လက်ရှိတွင် အရန်ဆန် အလုံအလောက် ကျန်ရှိနေသေးကြောင်း ၎င်းကပြောကြားခဲ့သည်ကို သိရှိပါသည်။

ထိုင်းနိုင်ငံတွင် ဧည့်မထငါးမှတ်ဆန်ဈေးမှာ သုံးပတ်ဆက်တိုက် ကျဆင်းလာခဲ့ပြီး ယခင်တစ်ပတ်က တစ်တန်လျှင်၄၈၇-၅၁၀ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၈၀-၅၀၈ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။သီတင်းပတ်အတန်ကြာ ဝယ်လိုအားတက်လာခြင်းမရှိသဖြင့် ဆန်ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၄၅၀ အထိ ကျဆင်းသွားနိုင်ကြောင်း ဘန်ကောက်မြို့အခြေစိုက်ကုန်သည်များထံမှ သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးမှတ်ဆန်ဈေးသည် တစ်တန်လျှင်၄၇၀-၄၉၅ ဒေါ်လာတွင်ရပ်တည်ခဲ့ရာမှ အနည်းငယ်လျော့ကျလာကာ တစ်တန်လျှင် ၄၆၃-၄၉၀ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်ကို သိရှိရပါသည်။ပြည်ပမှ ဝယ်လိုအား လျော့နေချိန် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ အချို့နေရာများတွင် ဆောင်းဦးစပါး စတင်ပေါ်လာပြီဖြစ်ခြင်းကြောင့် ဆန်ဈေးကို အကျဘက်သို့ ပိုမိုဦးတည်လာစေနိုင်ကြောင်း ဟိုချီမင်းစီးတီးမြို့အခြေစိုက်ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ သို့ရာတွင် ဗီယက်နမ်နိုင်ငံ၏ ဩဂုတ်လ ပြည်ပ ဆန်တင်ပို့မှုမှာ ဇူလိုင်လထက် ၂၆.၃၀%မြင့်တက်ကာ တန်ချိန် ၆၀၅၅၆၆ တန်အထိ ရှိခဲ့ကြောင်း သိရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့်မြန်မာ့ဆန်ဖြူ(ဧည့်မထ၂၅ ရာခိုင်နှုန်းအရှည်/အသွယ်)အမျိုးအစားဆန်ကို စားသုံးသူများထံသို့ တစ်ပြည်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးနိုင်ရန်အတွက် ၂၄ ပြည်တစ်အိတ်လျှင် ၂၃၂၀၀ကျပ်နှုန်းဖြင့် အရောက်ပို့ဆောင်ရောင်းချပေးမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)က စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလ အရေးပေါ်လိုအပ်ချိန်တွင် ဖြန့်ချိနိုင်ရန် ဝယ်ယူထားသောနိုင်ငံတော်အရန်ဆန်လက်ကျန်အိတ်ရေ ၈၄၀၀၀၀ ခန့် ကျန်ရှိနေသေးပြီးလက်ရှိကာလတွင် ရန်ကုန်မြို့ရှိ လက်လီဆိုင်များသို့ အရောက်ပို့စနစ်ဖြင့်ရောင်းချပေးနေကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရစားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် ဆန်စပါးကုန်စည်ဒိုင်များပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ဆန်လက်လီဆိုင်များအနေဖြင့်ယခုအချိန်ကာလအတွင်း ဆန်ဝယ်ယူနိုင်ပြီး လက်လီဆိုင်နေရာအထိ အရောက်ပို့ဆောင်(Delivery)ပြုလုပ်ပေးလျက်ရှိကြောင်း၊စားသုံးသူပြည်သူများထံသို့ ဆန်လက်ကျန် ရှိသရွေ့ရောင်းချပေးသွားမည် ဖြစ်ကြောင်းလည်း သိရှိရပါသည်။ဧည့်မထဆန်ကို တစ်ကြိမ်မှာယူပါက အနည်းဆုံး ၁၀အိတ်နှင့် အများဆုံး အိတ် ၅၀ မှာယူပေးရန်(MRF) က ထုတ်ပြန်ကြေညာထားပြီး အဆိုပါ အရန်ဆန်လက်ကျန်ပမာဏကို ရန်ကုန်၊မန္တလေး၊နေပြည်တော်တို့တွင်သိုလှောင်ထားရှိပြီး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးကုန်စည်ဒိုင်များမှတစ်ဆင့်ရောင်းချပေးလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းတွင် အဓိကစားသုံးသည့်ပေါ်ဆန်းဆန် အပါအဝင် ဆန်ချောများနှင့် ပြည်တွင်းစားသုံးသည့် ဆန်ကြမ်း(ရှယ်) အမျိုးအစားများကိုလည်း ကုန်စည်ဒိုင်ပေါက်ဈေးဖြင့်ဆိုင်အရောက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ပြည်တွင်းတွင်အဓိကစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောများနှင့် ဆန်ကြမ်း(ရှယ်) များသည် အမျိုးအစားကွဲပြားသဖြင့် ဈေးနှုန်းသတ်မှတ်ရန် ခက်ခဲခြင်းကြောင့်ကုန်စည်ဒိုင်ဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောကြားခဲ့ပါသည်။ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်နှင့်ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်တို့ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် တစ်ပတ်လျှင် ၃ ရက် ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)က ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သောမူဆယ်မြို့တွင် ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာ လ၁ရက်နေ့တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၁၉၅ကျပ်နှုန်းရှိပြီး၊ ဧည့်မထ၂၅% ဆန်တစ်အိတ်လျှင် ၂၂၄၂၅ကျပ်မှ ၂၃၄၀၀ကျပ်ကြားပေါက်ဈေးရှိကြောင်းသိရှိရပါသည်မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သောမြဝတီမြို့ တွင် ၂၀၂၀ပြည့်နှစ်အောက်တိုဘာလ၁ ရက်နေ့တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ် လျှင် ၄၅ကျပ်နှုန်းပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါကဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၂၃၀၀ကျပ်၊မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၁၀၀ ကျပ်နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင်၁၈၀၀ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီးရန်ကုန်မြို့နှင့် ကျိုင်းတုံမြို့တို့တွင်ဧည့်မထဆန်တစ်ပြည်လျှင်၁၂၀၀ ကျပ်၊ ဘားအံမြို့တွင် ၁၁၀၀ ကျပ်နှင့် စစ်တွေမြို့တွင် ၁၀၅၀ကျပ်တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကိုတွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက၀.၄၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်းဆန်ဈေးနှုန်းများအတက်/အကျပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကိုလေ့လာသုံးသပ်တင်ပြ အပ်ပါသည်။